## ၁၇။ ကြံဖြုတ်ပိုး

**Sugarcane Planthopper : *Pyrilla perpusilla* (Wilker, 1851)**

**Hemiptera: Lophopidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



ခန္ဓာကိုယ်မှာအဝါဖျော့ရောင်ရှိပြီးအထီးအတောင်ပံအကျယ်မှာ(၁၆-၁၈)မီလီ မီတာရှိ၍ အမအတောင်ပံအကျယ်မှာ(၁၉-၂၁)မီလီမီတာရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပင်ရည်အားစုပ်ယူသောကြောင့်အရွက်များအားနည်းလာပြီးအချိုဓါတ်(၅၀)% ကျဆင်းကာအထွက် နှုန်းကျစေသည်။ပျားရည်ချိုများစွန့်ထုတ်မှုကြောင့်မှိုရောဂါ (*Capnodium* sp.) ဖြစ်စေသည်။ကြပ်ခိုးမှိုများကြောင့်အစာချက်လုပ်ခြင်းအားထိခိုက်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (**၆–၃၀)ရက် |
| ပိုးမမည် အဆင့် | **– (**၄၀–၆၀**)** ရက် |
| အကောင်ကြီး အဆင့် | **– (**၁၄–၂၀၀**)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများအားရွေးချယ်စိုက်ပျိုးပါ။

(၃)နံနက်စောစော စိုက်ခင်းပတ်ဝန်းကျင် လေတင်ဘက်မှ မီးခိုးမှိုင်း   တိုက်ပါ။

(၄) အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၅)မစိုက်မီ ကြံဆစ်ပိုင်းများအားအီမီဒါကလိုပရစ်(Imidacloprid 600 FS/ Imidacloprid 70 SS)  ဆေးများဖြင့်လူးနယ်စိုက်ပျိုးပါ။

(၆)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)